ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၄၀၀ကျပ် ငွေလေးရာကျပ် K 400

# " (၁၀-၄-၂၀၂၁)ရက်နေ့စွဲပါ စက်ယန္တရားအငှားရောင်း- နှစ်ဦးသဘောတူကတိစာချုပ်အမှတ်-063/2021 နှင့်သက်ဆိုင်သောကတိစာချုပ် "

နေ့စွဲ ။ ။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၊ ( ၃၁ )ရက်
လှိုင်သာယာ မြို့နယ်။

ပထမတစ်ဖက် ။ ။ Common Purpose Co., Ltd.(ကိုယ်စား)
ဦးအောင်သူဝင်း (၁၄/လမန(နိုင်)၀၇၀၂၀၅)
အမှတ်(၁၅၂)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊
ဇုန်(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

နှင့်

ဒုတိယတစ်ဖက် ။ ။ ဒေါ်ရီရီမော်(၅/ဗမန(နိုင်)၀၅၉၈၃၈)
ရီရီမော်
အမှတ်(၈၂)၊ စီးမော်ကျေးရွာ၊ ဗန်းမောက်မြို့၊
ဖုန်း-၀၉-၈၈၀၅၂၃၃၈၁။

(အထက်အမည်ပါ (ပထမတစ်ဖက်) Common Purpose Co., Ltd. ဟုဆိုရာတွင် ကုမ္ပဏီများနှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ ကုမ္ပဏီအားဆက်ခံသူများ၊ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများနှင့် ဒေါ်ရီရီမော်ဟုဆိုရာတွင် ၎င်း၏ အမွေစားအမွေခံများ၊ တရားဝင်ကိုယ်စားလှယ်များအားလုံး အကျုံးဝင်ကြောင်း နားလည်သဘောပေါက်ကြပါသည်။)

၁။ အထက်အမည်ပါ (ဒုတိယတစ်ဖက်) ဒေါ်ရီရီမော်သည် (ပထမတစ်ဖက်) Common Purpose Co., Ltd. ထံမှ Brand New Hitachi Excavator ZX210LCH-5G (1)Unit ကို USD-167,772 ဖြင့် ဝယ်ယူသွားပြီးနောက် ရက်လွန်ကြေးငွေ USD-87375.10 ဖြစ်ရာ စုစုပေါင်းပေးသွင်းရန်ရှိသည့် စက်ယန္တရားကျန်ငွေမှာ USD-255147.10 ဖြစ်ပါသည်၊

၂။ ဒုတိယတစ်ဖက်မှ (၇-၄-၂၀၂၁)ရက်နေ့မှ (၇-၅-၂၀၂၃)ရက်နေ့အထိ ပေးသွင်းခဲ့ပြီးသော စက်ယန္တရားဖိုးကျန်ငွေနှင့် ရက်လွန်ကြေးငွေ နှစ်ရပ်စုစုပေါင်းမှာ USD-136,965 ဖြစ်ရာ ဒုတိယတစ်ဖက်မှ ပထမတစ်ဖက်သို့ ပေးသွင်းရန်ရှိသည့် စက်ယန္တရားဖိုးကျန်ငွေနှင့် ရက်လွန်ကြေးငွေ နှစ်ရပ်စုစုပေါင်းမှာ USD-118,182 ဖြစ်ပါသည်။

၃။ အဆိုပါပေးသွင်းရန်ရှိသည့် စက်ယန္တရားဖိုးကျန်ငွေ USD-72136 နှင့် ရက်လွန်ကြေးငွေ USD-46046 နှစ်ရပ်စုစုပေါင်းမှာ USD-118,182 ကို ဒုတိယတစ်ဖက်မှ ပေးသွင်းရန် ပျက်ကွက်နေသည့်အတွက် ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက်တို့ ပထမတစ်ဖက်ကုမ္ပဏီရှိ တာဝန်ရှိဒါရိုက်တာအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးကြရာ ရက်လွန်ကြေးငွေ USD-46046 အား ဒုတိယတစ်ဖက်၏ တောင်းဆိုချက်အရ နုတ်ပယ်ပြီး၊ စက်ယန္တရားဖိုးကျန်ငွေ USD-72136 အား ပေးချေရန်အတွက် နှစ်ဖက်သဘောတူညီကြပါသည်၊

၄။ ဒုတိယတစ်ဖက်မှ ပထမတစ်ဖက်သို့ ပေးချေရန်ရှိသည့် နှစ်ဖက်သဘောတူထားသော စက်ယန္တရားဖိုးကျန်ငွေ USD-72136 တိတိအား (၃၁-၁-၂၀၂၄)ရက်နေ့တွင် ပေါ်ပေါက်သည့် USD တစ်ဒေါ်လာလျှင် မြန်မာငွေကျပ်-၃၅၇၀ နှင့် ညီမျှသော မြန်မာငွေကျပ်-၂၅၇,၅၂၅,၅၂၀/- ကို အောက်ဖော်ပြပါအတိုင်း ပေးချေသွားရန် ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက်တို့ သဘောတူဆုံးဖြတ်ကြပါသည်၊

စာမျက်နှာ - ၂ - သို့

CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
K 400
ငွေခလေးရာကျပ်
၄၀၀ကျပ်



(က) (၃၁-၁-၂၀၂၄)ရက်နေ့တွင် မြန်မာငွေကျပ်-၁၆၇,၅၂၄,၀၀၀/- ကို ပေးသွင်းရာ ( 31 - 1 - 2024 )ရက်နေ့စွဲပါ RV No. HQT-RV-2024-01-0148ဖြင့် လက်ခံရရှိကြောင်း ပထမတစ်ဖက်မှ ဝန်ခံပါသည်။

(ခ) ကျန်ငွေအား (၂၉-၂-၂၀၂၄)ရက်နေ့တွင် မြန်မာငွေကျပ်-၃၀,၀၀၁,၅၂၀/- (ကျပ်သိန်းသုံးရာတစ်ထောင့်ငါးရာနှစ်ဆယ်တိတိ)ကိုလည်းကောင်း၊

(ဂ) (၃၁-၃-၂၀၂၄)ရက်နေ့တွင် မြန်မာငွေကျပ်-၃၀,၀၀၀,၀၀၀/- (ကျပ်သိန်းသုံးရာတိတိ)ကိုလည်းကောင်း၊

(ဃ) (၃၀-၄-၂၀၂၄)ရက်နေ့တွင် မြန်မာငွေကျပ်-၃၀,၀၀၀,၀၀၀/- (ကျပ်သိန်းသုံးရာတိတိ)ကိုလည်းကောင်း ပေးချေသွားရန် ဒုတိယတစ်ဖက်မှ ဝန်ခံကတိပြုပါသည်။

၅။ အကယ်၍ ဒုတိယတစ်ဖက်မှ အထက်ဖော်ပြပါငွေများအား သတ်မှတ်အရစ်ကျအတိုင်း ပေးချေရန်ပျက်ကွက်ခဲ့ပါက အထက်အပိုဒ်(၃)တွင် နှုတ်ယူထားသော ရန်လွှန်ကြေးငွေ USD-46046 အား ယင်းနေ့တစ်ဒေါ်လာပေါက်ဈေးအတိုင်း ထပ်မံပေးဆောင်ရန်နှင့် သတ်မှတ်အရစ်ကျပေးသွင်းရန်ကျန်ငွေများအပေါ် ရက်လွန်ကြေးအဖြစ် (၅%)ကိုလည်း ထပ်မံပေးဆောင်ရန် ဒုတိယတစ်ဖက်မှ ဝန်ခံကတိပြုပါသည်။

၆။ အထက်ဖော်ပြပါငွေများအား ပေးချေရန်ပျက်ကွက်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်မည်ကို ဒုတိယတစ်ဖက်မှ သဘောတူပါကြောင်း ဝန်ခံကတိပြုပါသည်။

အထက်ပါစကားရပ်များကို ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက်တို့သည် သေချာစွာသိရှိနားလည်သဘောပေါက်ကြပြီး မိမိတို့၏လွတ်လပ်သော ပင်ကိုယ်စိတ်ဆန္ဒများနှင့်အညီ အောက်ပါအသိသက်သေများတို့၏ရှေ့မှောက်တွင် ဤစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

| (ပထမတစ်ဖက်) | (ဒုတိယတစ်ဖက်) |
|---|---|
| [signature] | ရီရီမော် [signature, thumbprint] |
| Common Purpose Co., Ltd.(ကိုယ်စား) | ဒေါ်ရီရီမော်(၅/ဗမန(နိုင်)၀၅၉၈၃၈) |
| ဦးအောင်သူဝင်း(၁၄/လမန(နိုင်)၀၇၀၂၀၅) | |

**အသိသက်သေများ**

| | | | |
|---|---|---|---|
| လက်မှတ် | [signature] | လက်မှတ် | [signature] |
| အမည် | [handwritten] | အမည် | [handwritten] |
| မှတ်ပုံတင် | [handwritten] | မှတ်ပုံတင် | [handwritten] |
| နေရပ် | [handwritten] | နေရပ် | |
| | [handwritten] | | |

CS CamScanner